FNILife
Assuring Peace of Mind, the Essence of Life

FIRST NATIONAL INSURANCE (LIFE) CO., LTD

Address
Building A/9, Than Thu Mar Road,
(24) Quarter,Thingangyun Township,
Yangon, Myanmar 11071

Tel : 01-570521, 01-570998
Call Center : 01-9010900
Fax : 01-570298
E-mail : customerservices@fnilife.com

# အကျိုးခံစားခွင့်များ (တစ်ယူနစ်အတွက်)

## ကျပ်

| | | |
|---|---|---|
| (၁) | သေဆုံးခြင်း | ၁၀ သိန်း |
| (၂) | ထာဝစဉ်မသန်စွမ်းဖြစ်ခြင်း | ၁၀ သိန်း |
| (၃) | မျက်စေ့တစ်ဖက်လုံးဝကွယ်ခြင်း | ၅ သိန်း |
| (၄) | လက်တစ်ဖက်လုံးဝ ပြတ်ခြင်း | ၅ သိန်း |
| (၅) | ခြေတစ်ဖက်လုံးဝပြတ်ခြင်း | ၅ သိန်း |
| (၆) | လက်တစ်ဖက်လုံးဝကျိုးခြင်း | ၂ သိန်း |
| (၇) | ခြေတစ်ဖက်လုံးဝကျိုးခြင်း | ၂ သိန်း |
| (၈) | နားတစ်ဖက်လုံးဝပင်းခြင်း | ၂ သိန်း |
| (၉) | ဆေးရုံတက်ရခြင်း (တစ်ပတ်) | ကျပ် ၁၀,၀၀၀/- (၅၂ ပတ်အထိသာ) |

(က) အထက်ဖော်ပြပါဒဏ်ရာများတွင် အကျုံးမဝင်သော အခြားဒဏ်ရာ (များ) ရပါက အထက် ဖော်ပြပါ အကျိုးခံစားခွင့်နှုန်းထားများကို အခြေခံ၍ အကျိုးခံစားခွင့်ကို သတ်မှတ်မည်။

(ခ) အာမခံထားသူတစ်ဦး ဒဏ်ရာများရခြင်းကြောင့် ပေးချေရမည့် အကျိုးခံစားခွင့် စုစုပေါင်း သည် မိမိဝယ်ယူ ထားသော အာမခံအကာအကွယ်ထက် မပိုစေရ။

## စည်းမျဉ်းများ

(၁) အသက် ၁၀ နှစ်မှ ၆၀ နှစ်အတွင်းရှိသူ အားကစားသမားသာ ဤအာမခံကို ထားရှိနိုင်ပါသည်။

(၂) အာမခံထားရှိသော အားကစားသမားသည် အာမခံသက်တမ်းအတွင်း အားကစားရုံ (သို့) အားကစား ကွင်းအတွင်း အားကစားလေ့ကျင့်နေစဉ်ဖြစ်စေ၊ အားကစားယှဉ်ပြိုင်နေစဉ်ဖြစ်စေ မတော်တဆ ထိခိုက်မိ ပါက အထက်ဖော်ပြပါ အကျိုးခံစားခွင့်များကို ရရှိမည်ဖြစ်ပါသည်။

(၃) အာမခံထားရှိသော အားကစားသမားက မိမိကိုယ်တွင် ထိခိုက်မှုဖြစ်အောင် တမင်တကာ ဆောင်ရွက်ခြင်း ကြောင့် ဖြစ်ပေါ်လာသော ထိခိုက်မှုမှာ ဤအာမခံတွင် အကျုံးမဝင်ပါ။

(၄) ရာဇဝတ်မှုကျူးလွန်ခြင်းကြောင့် (သို့မဟုတ်) မူးယစ်ဆေးဝါး (သို့မဟုတ်) အရက်သေစာ သောက်စားခြင်း ကြောင့် တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း ဆက်နွယ်ဖြစ်ပေါ်လာသည့် ထိခိုက်မှုမှာ ဤအာမခံတွင် အကျုံးမဝင်ပါ။

(၅) လက်ဝှေ့၊ ဂျူဒို၊ ကရာတေး၊ သိုင်းစသော အားကစားသမားများအနေဖြင့် သာမန်ဖူးယောင် ပွန်းပဲ့ခြင်းများ အတွက် အကျုံးမဝင်ပါ။

(၆) အာမခံသက်တမ်းအတွင်း လျော်ကြေးရရှိပြီးပါက၊ အားကစားသမား ကိုယ်အင်္ဂါထိခိုက်မှု အာမခံအသစ် ထပ်မံထားရှိရမည်။